## ၁၁။ အရှက်နှင့် ကပ္ပိယတာဝန်

M.Sc ကျောင်းသား ။ ။ အာရုံတက်တာနဲ့ ကပ္ပိယ တာဝန် ဆက်စပ်ပါ သလားဘုရား။

Dr. အောင်သူ ။ ။ တစ်ချို့ကလည်း အာရုံ တက်တယ်လို့ ပြောကြ တယ်။ တချို့ကလည်း အာရုဏ်လို့ရေးကြ တယ်။ ဘယ်ဟာက မှန်သလဲဘုရား။

ဆရာတော် ။ ။ မေးခွန်း နှစ်ခုစလုံးကို တစ်ပေါင်းတည်း ဖြေ ပေးမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အာရုဏ်ရော အာရုံရော နှစ်ခုစလုံး မှားပါတယ်။ ဒီစာလုံးက ပါဠိဘာသာက လာတာပါ။ ပါဠိမှာ အရုဏလို့ သုံးနှုန်းတယ်။ ဒါကို မြန်မာမှုပြုထား တာ ဖြစ်တယ်။ အသုံးအနှုန်းနဲ့ မြန်မာစာရေးထုံး အမှန်က အရုဏ်ဖြစ်ပါတယ်။

M.Sc ကျောင်းသား ။ ။ ဒါဆိုရင် အရုဏ်တက် တယ်လို့ ပြောရမှာပါ လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အရုဏ်နဲ့ ကပ္ပိယတာဝန်ကမျှားပါ တယ်မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ များရင်လည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အရုဏ်မတက်ခင်မှာ၊ အရုဏ်တက်ပြီလို့ ယူဆပြီးတော့ ရဟန်းက ဆောင်ရွက်ဖွယ် ကိစ္စတွေကို ဆောင်ရွက်မိမယ်ဆိုရင် အာပတ်သင့်တတ်တယ်။

M.Sc ကျောင်းသား ။ ။ ကပ္ပိယလည်း အာပတ်သင့်ပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယက ဘာအာပတ်မှ မသင့်ပါဘူး၊ ဝါဆိုတဲ့ ရဟန်းက ဝါတွင်းကာလမှာ အရုဏ်မတက်သေးခင် အရုဏ်တက်ပြီလို့ ယူဆပြီးတော့မှ ကျောင်းဝင်း အပြင်ဘက်ကို ကြွသွားခိုက် အရုဏ်တက်သွားလို့ ရရှိရင် ဒုက္ကဋ်အာပတ်သင့်ပြီး ဝါကျိုး ဝါပြတ်တယ်။ နိဿယည်း ဥပဇ္ဈာယ်ယူပြီးတော့မှ နိဿယည်း ဆရာနဲ့ အတူတူသီတင်းသုံးနေတဲ့ ရဟန်းအနေနဲ့ ဆိုလို့ရှိရင်လည်း အရုဏ်မတက်ခင် ဆရာရှိရာ ကျောင်းဝင်းမှအပြင်ကို ကြွသွားတုန်း အရုဏ်တက်သွားရင် နိဿယည်းငြိမ်းပြီ။ နောက်တစ်ခုက အရုဏ်မတက်သေးခင် ယာဝကာလိက အာဟာရတွေကို စားသုံးမိရင် ရဟန်းမှာ ပါစိတ်အာပတ်သင့်တယ်။ ပရိဝါသ်မာနတ် ကျင့်တဲ့ရဟန်းက

အရုဏ်မတက်ခင် အရုဏ်တက်ပြီ ဆိုပြီးတော့မှ ပရိဝါသ်မာနတ် ချထားခဲ့လို့ရှိရင် အဲဒါ ညဥ့်ပျက်ပြီး ရတ္တိစ္ဆေဒဖြစ်တယ်။ တိစီဝရိက် ဆောင်ထားတဲ့ ရဟန်းက သင်္ကန်းနဲ့ အရုဏ်မတက်ခင် ကင်းလို့ ရှိရင်လည်း အာပတ်သင့်ပါတယ်။

Dr. အောင်သူ ။ ။ ကျယ်ဝန်းလှပါတယ် ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ကျယ်ဝန်းတယ်၊ ကျန်သေးတယ် ပြောပြဦးမယ်၊ ရှင်သာမဏေတွေ ဥပုသ်သည်တွေ အရုဏ်မတက်ခင် စားလို့ရှိရင် သီလပျက်ပါတယ်။ ပန်းနံ့သာ လိမ်းလို့ရှိရင်လည်း သီလပျက်ပါတယ်။

M.Sc ကျောင်းသား ။ ။ မှတ်သားထားပါ့မယ် ဘုရား။

ဆရာတော် ။ ။ ကပ္ပိယက လအလိုက် အရုဏ်တက်ချိန်ကို တိတိ ကျကျမှတ်သားပြီးတော့ ဆရာတော်၊ သံဃာတော်များကို အရုဏ်ဆွမ်းကို ဆက်ကပ်ရပါမယ်။ ကပ္ပိယကို အရုဏ်တုံးခေါက်ဖို့ တာဝန်ပေးထားရင်လည်း အချိန်ကို တိတိကျကျမှတ်သားပြီး ခေါက်ရပါမယ် မောင်ကျောင်းသား။ ဒါတင်ပဲလားဆိုတော့ မကသေးဘူး၊ ဝါတွင်းကာလ သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ကျောင်းကနေ ပြင်ပကို

ကြွဖို့ အကြောင်းကြီးငယ်ရှိလာရင် ကပ္ပိယက ဆောင်ရွက်ပေးနိုင်ရင် ဝါဆိုသံဃာများမှာ အာပတ် မသင့်နိုင်ဘူး။

Dr. အောင်သူ ။ ။ သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ကျောင်းကနေပြင်ပကို ကြွသွားတာနဲ့ကို ဝါကျိုးပါသလားဘုရား။

ဆရာတော် ။ ။ သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ကိစ္စကြီးငယ်ကြောင့် ဝါဆိုရာကျောင်းဝင်းအပြင်ကြွပြီး အရုဏ်မတက်မီ ဝါဆိုရာ ကျောင်းဝင်းထဲကို မရောက်ရင် ဝါကျိုးပါတယ်။

Dr. အောင်သူ ။ ။ မှန်ပါ သဘောပေါက်ပါပြီဘုရား။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား၊ ဒါဆိုရင် ကိုရင်လည်း အပြစ်သင့်နိုင်ပါသလား ဘုရား။

ဆရာတော် ။ ။ ကိုရင်ကလည်း အရုဏ်မတက်ခင် ဆွမ်းတို့၊ မုန့်တို့ ဘုဉ်းပေးရင် အပြစ်ရှိပါတယ်။

Dr. အောင်သူ ။ ။ ဝိကာလဘောဇန ဖြစ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ဟုတ်တယ်။

ဒါကြောင့် ရှစ်ပါးသီလ ယူပြီး ဥပုသ်စောင့်ထိန်းသူကလည်း အစားအစာ မစားသင့်ဘူး။ တစ်ညလုံးမစားဘဲနေလာပြီး အရုဏ် တက်ခါနီးကျမှ စားမိရင် သူစောင့်ထိန်းလာခဲ့တဲ့ သီလ ကျိုးပေါက်သွားပါတယ်။

Dr. အောင်သူ ။ ။ ဂရုတစိုက် စောင့်ထိန်း လိုက်နာပါ့မယ်ဘုရား။

M.Sc ကျောင်းသား ။ ။ ဒုလ္လဘရဟန်းလည်း ဝိနည်းသိဖို့ လိုပါ သလားဘုရား။

ဆရာတော် ။ ။ ဝိနည်းကို ပြည့်ပြည့် စုံစုံသိနိုင်လေ ကောင်း လေပါပဲ၊ ကတုံးတုံး၊ သင်္ကန်းဝတ်ပြီး လူဝတ် ကြောင်ဘဝက နေထိုင်ပုံအတိုင်း နေရင်တော့ အပြစ်အာပတ်များစွာ သင့်ပေတော့မယ် မောင် ကျောင်းသား။

Dr. အောင်သူ ။ ။ အပြစ်ကြီးမယ်ထင်ပါ တယ်ဘုရား။

ဆရာတော် ။ ။ တချို့အပြစ်က ပေါ့လွယ် သော်လည်း တချို့အပြစ် ကျတော့ ခဲခဲယဉ်းယဉ်းကုစားမှသာ အာပတ်ကနေ ပြေငြိမ်းခွင့် ရနိုင်ပါတယ်။ တချို့အပြစ်က နောက် ထပ်တစ်ကြိမ် ရဟန်းဖြစ်ခွင့်မရှိတဲ့ အထိကို ကြီးလေးသွားနိုင်ပါတယ်။

Dr. အောင်သူ ။ ။ မှတ်သားထားပါ့မယ် ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးက *"ဒုလ္လဘရဟန်းဆိုတာ ဝိနည်းစည်းကမ်းနားမလည်ကြဘူး ခဏသာဝတ်ခြင်းဖြစ်တဲ့အတွက် ဝိနည်းတွေ အမြန်သင်ဖို့လည်း မလွယ်လှဘူး။ ဒုလ္လဘရဟန်းဆိုတာ ဥပဇ္ဈာယ်ဆရာနဲ့ ကင်းပြီး နေလို့ မသင့်ဘူး။ ဒါကြောင့် ဒုလ္လရဟန်း ဝတ်ချင်ရင် ဘုန်းကြီးမျက်စိအောက်မှာ ဘုန်းကြီးနဲ့အတူ နေရမယ်။ ဘုန်းကြီးအိပ်ရာထတဲ့ အချိန်ထရမယ်။ ဘုန်းကြီးခိုင်းတဲ့အတိုင်း နေထိုင်ရမယ်။ အဲဒီလို နေနိုင်မယ်ဆိုရင် ဒုလ္လဘရဟန်းအတွက် သက်န်းပရိက္ခရာ ဘုန်းကြီးကိုယ်တိုင် ဒကာခံပြီး ဝတ်ပေးပါ့မယ်"*ဟု မိန့်ကြားတော်မူဖူးတယ်။

---

ကျမ်းညွှန်း

* ရတ္တိစ္ဆေဒဝိနိစ္ဆယ၊ မဟာဝါဘာသာဋီကာ။ (နှာ-၁၄)

* နိဿယနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၃၁၃)

* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၆)

* ဥဒေါသိတ သိက္ခာပဒဝဏ္ဏနာ၊ နိဿယဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ။ (နှာ-၂၃၇)

* ဥဒေါသိတ သိက္ခာပုဒ်၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကဏ်ဘာသာဋီကာ။ (နှာ-၂၅၇)

## ၁၂။ မအပ်စပ်တဲ့ အသုံးအနှုန်း (သို့) အကပ္ပိယဝေါဟာရ

M.Sc ကျောင်းသား ။ ။ ဝိနည်းလေးစားတော်မူတဲ့ သံဃာတော်များက သစ်ပင်စိုက်ရင် အာပတ်သင့်မှာစိုးလို့ မစိုက်ပျိုးကြဘူးဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော် ။ ။ ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းစနစ် ဘုရားဥပဒေအတိုင်းဆိုရင် အာပတ်မသင့်ပါဘူး။

M.Sc ကျောင်းသား ။ ။ အာပတ်မသင့်တဲ့ နည်းစနစ်ဆိုတာ ဘယ်လိုများပါလဲဘုရား။

ဆရာတော် ။ ။ ကျောင်းဝင်းအတွင်း ရဟန်းတော်များ သစ်ပင်၊ ပန်းပင်စိုက်ပျိုးတဲ့အခါ ဒါယကာ ဒါယိကာမတွေကို ပေးဖို့ရည်ရွယ်ချက်နဲ့ မစိုက်ကောင်းဘူး မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ ပေးကမ်းဖို့ ရည်ရွယ်ပြီး